ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ
**အမိန့်ကြော်ငြာစာအမှတ် ၁ / ၂၀၁၈**
၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်
(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

## ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ၂၀၁၇ ခုနှစ်၊ မေလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၅ / ၂၀၁၇ ၏အခန်း(၉) ၊ အပိုဒ် ၃၆ ၊ ၃၇ ၊ ၃၈ ပြဋ္ဌာန်းချက်များအရ ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့်ရရှိထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အပိုဒ် ၄၀ ၊ ၄၁ ၊ ၄၂ ၊ ၄၃ ပြဋ္ဌာန်းချက်များအရ ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းနှင့် အခါအားလျော်စွာ စိစစ်ကြပ်မတ်နိုင်ရန်အလို့ငှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) ဝန်ကြီး — အဖွဲ့ခေါင်းဆောင်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကယားပြည်နယ်အစိုးရအဖွဲ့

(ခ) ဥပဒေချုပ် — အဖွဲ့ဝင်
ကယားပြည်နယ်ဥပဒေချုပ်ရုံး

(ဂ) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(ဃ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(င) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
ကယားပြည်နယ် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန

(စ) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
ကယားပြည်နယ် လမ်းဦးစီးဌာန

(ဆ) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
ကယားပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

(ဇ) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
ကယားပြည်နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဦးစီးဌာန

(ဈ) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
ကယားပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(ည) ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
ကယားပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(ဋ) ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာန

(ဌ) ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
ကယားပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(ဍ) ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
ကယားပြည်နယ် သတ္တုတွင်းဦးစီးဌာန

၂။ ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် ၂၅ / ၂၀၁၇ ၊ အပိုဒ် ၄၀ ၊ ၄၁ ၊ ၄၂ ၊ ၄၃ နှင့်အညီ အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့သည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ပုံမှန်စစ်ဆေးခြင်းကို အောက်ပါအတိုင်း အပိုင်း(၃)ပိုင်းခွဲ၍ (၁) နှစ်လျှင် အနည်းဆုံး (၁) ကြိမ် စစ်ဆေးရမည်-

(၁) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှုကာလ သို့မဟုတ် ပြင်ဆင်မှုကာလ မတိုင်မီ စစ်ဆေးခြင်း၊

(၂) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှုကာလ သို့မဟုတ် ပြင်ဆင်မှုကာလအတွင်း စစ်ဆေးခြင်း၊

(၃) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း စီးပွားဖြစ်စတင်ပြီးနောက်ပိုင်း စစ်ဆေးခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့သည် တစ်ဖက်ပါအခြေအနေမျိုးတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား ရှောင်တခင်စစ်ဆေးခြင်းကို ဆောင်ရွက်ရမည်-

(၁) ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ၎င်း၏ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်စပ်လျဉ်း၍ တိုင်ကြားချက်များ လက်ခံရရှိခြင်း၊

(၂) ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် မမှန်မကန် ဆောင်ရွက်ကြောင်း သတင်းရရှိခြင်း၊

(၃) ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်း၊ စာချုပ်ပါအချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုမရှိကြောင်း သတင်းရရှိခြင်း၊

(ဂ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ပုံမှန်စစ်ဆေးခြင်းနှင့် ရှောင်တခင် စစ်ဆေးခြင်းတို့အပြင် လိုအပ်ချက်အပေါ်မူတည်၍ အခါအားလျော်စွာ စစ်ဆေးခြင်းကို ဆောင်ရွက်နိုင်သည်။

(ဃ) ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ရရှိထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များကို ချိုးဖောက်ကြောင်း သို့မဟုတ် မမှန်မကန် ဆောင်ရွက်နေကြောင်း တွေ့ရှိပါက ကော်မရှင်မှ အရေးယူဆောင်ရွက်နိုင်ရန် အလို့ငှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့သည် ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှတစ်ဆင့် ကော်မရှင်သို့ ဆောလျင်စွာတင်ပြရမည်။

(အယ်လ်ဖောင်းရှို)

ဥက္ကဋ္ဌ

စာအမှတ်၊ ရက-ကယန/ ရင်းနှီး / ၂၀၁၈ ( ၃၅၈ )

ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်

**ဖြန့်ဝေခြင်း**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ကယားပြည်နယ်အစိုးရအဖွဲ့

ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များအားလုံး

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များအားလုံး

မိတ္တူကို

ရုံးလက်ခံ/မျှောစာတွဲ

အမိန့်အရ

(မေမျိုးဇော်)

အတွင်းရေးမှူး